FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# အဖွဲ့အစည်းကုန်စည်းမျဉ်းများ (ခ)

## Institute Cargo Clauses(B)

## အာမခံထားသည့် အန္တရာယ်များ

### အန္တရာယ်များ(Risks)

၁။ ဤအာမခံသည် အောက်ပါစည်းမျဉ်းများ ၄၊၅၊၆ နှင့် ၇ တို့သည် ပြဋ္ဌာန်းငြင်းပယ်ထားသည်များမှအပ အောက်ပါများကြောင့် အကျိုးအကြောင်းဆီလျော်စွာ ဖြစ်ပေါ်သော-

၁.၁ အာမခံထားသည့်ပစ္စည်း ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကို တာဝန်ယူလျော်ကြေးပေးသည်။

၁.၁.၁ မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်း

၁.၁.၂ ရေယာဉ် သို့မဟုတ် ယာဉ်သောင်တင်နေခြင်း (being stranded,grounded)၊ နစ်မြုပ်ခြင်း (sunk) သို့မဟုတ် မှောက်ခြင်း(capsized)

၁.၁.၃ ကုန်းတင်ယာဉ်မှောက်ခြင်း သို့မဟုတ် ရထားလမ်းချော်ခြင်း

၁.၁.၄ ရေယာဉ်၊ယာဉ် သို့မဟုတ် (ကုန်း)ယာဉ်သည် ရေမဟုတ်သော ပြင်ပအရာဝတ္ထု တစ်ခုခုနှင့် တိုက်မိခြင်း သို့မဟုတ် ထိခိုက်မိခြင်း

၁.၁.၅ ခိုလှုံရာဆိပ်ကမ်း(Port of distress)တစ်ခု၌ ကုန်ချခြင်း

၁.၁.၆ မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း သို့မဟုတ် မိုးကြိုးပစ်ခြင်း

၁.၂ အောက်ပါများကြောင့် အာမခံထားသည့်ပစ္စည်း ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း-

၁.၂.၁ General average အနစ်နာခံခြင်း (sacrifice)

၁.၂.၂ ရေယာဉ်ပေါ်မှပစ်ချခြင်း(Jettison) သို့မဟုတ်လှိုင်းရိုက်၍ရေယာဉ်ပေါ်မှကျစေခြင်း (washing overboard)

၁.၂.၃ ရေယာဉ်၊ယာဉ်ဝမ်း၊ကုန်းယာဉ်၊ကုန်သေတ္တာ သို့မဟုတ် ကုန်သိုလှောင်ရာ နေရာထဲ သို့မဟုတ် ပင်လယ်၊ရေကန် သို့မဟုတ် မြစ်ရေဝင်ခြင်း။

၁.၃ ရေယာဉ် သို့မဟုတ် ယာဉ်ပေါ်သို့ ကုန်တင်စဉ် သို့မဟုတ် ယင်းမှကုန်ချစဉ် အောက်ကျသွားသော သို့မဟုတ် ရေယာဉ်ပေါ်မှ ကျသွားသည့် အထုပ်တစ်ခုခုလုံးဝဆုံးရှုံးခြင်း

### General Average

၂။ အောက်ပါစည်းမျဉ်းများ ၄၊၅၊၆ နှင့် ၇ တို့တွင် တာဝန်မယူ ငြင်းပယ်ထားသော အကြောင်းများကြောင့် မဟုတ်ဘဲ အခြားမည်သည့် မကြောင်းကြောင့်မဆို ဖြစ်ပေါ်သော ဆုံးရှုံးမှုကို ရှောင်ရှားရာ၌ သို့မဟုတ် ရှောင်ရှားခြင်းနှင့် စပ်လျဉ်း၍ တင်ရှိပေါ်ပေါက်လာသည့် သယ်ယူပို့ဆောင်မှုပဋိညာဉ်(contract of carriage)နှင့် သို့မဟုတ် ထိန်းချုပ်သည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်း သို့မဟုတ် ဆုံးဖြတ်ထားသည့် general average နှင့် ဆယ်ယူမှု အခကြေးငွေများ (salvage charges)ကို ဤအာမခံက တာဝန်ယူလျော်ကြေးပေးသည်။

FNI

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

**နှစ်ဦးစလုံးအပြစ်ရှိသည့် တိုက်မိခြင်းစည်းမျဉ်း(Both to blame collision caluse)**

၃။ သယ်ယူပို့ဆောင်မှုပဋိညာဉ်ပါ နှစ်ဦးစလုံးအပြစ်ရှိသော မည်သည့်တိုက်မိခြင်း စည်းမျဉ်းအရမဆို အာမခံထားသည့် အန္တရာယ်တစ်ခုခုနှင့် စပ်လျဉ်း၍ တင်ရှိလာသော တာဝန်ရှိမှုအတွက် ဤအာမခံက အာမခံထားသူများအား လျော်ကြေးပေးသည်။ ယင်းစည်းမျဉ်းအရ သယ်ယူပို့ဆောင်သူများ(carriers)က လျော်ကြေး တောင်းခံသည့် ကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်လာလျှင် အဆိုပါတောင်းခံခြင်းမှ အာမခံထားသူများအား စရိတ်စကကျခံ၍ ကာကွယ် ပိုင်ခွင့်ရှိရမည်ဖြစ်သော အာမခံကုမ္ပဏီအား အကြောင်းကြားရန် အာမခံထားသူများက သဘောတူညီကြသည်။

**လျော်ကြေးတွင် အကျုံးမဝင်ခြင်းများ(Exclusions)**

၄။ မည်သည့်အခြေအနေတွင်မဆို ဤအာမခံက အောက်ပါများအတွက် လျော်ကြေးမပေးပါ-

၄.၁ အာမခံထားသူများ၏ ဖွတ်တရွတ်အပြုအမူ(willful misconduct)

၄.၂ အာမခံထားသည့်ပစ္စည်း သာမန်ယိုစိမ့်ခြင်း သို့မဟုတ် အလေးချိန် သို့မဟုတ် ပမာဏ သာမန်ယုတ်လျော့ခြင်း သို့မဟုတ် သာမန်ပြန်းတီးခြင်း(ordinary wear and tear)ကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း။

၄.၃ အာမခံထားသောခရီးမှ သာမန်အဖြစ်အပျက်များ(incidents)များကို ခံနိုင်ရန်အလို့ငှာ အာမခံထားသူများသို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများက အာမခံထားသည့်ပစ္စည်းအား ထုပ်ပိုး သို့မဟုတ် ပြင်ဆင်လျှင် သော် လည်းကောင်း၊ အာမခံမစတင်မီ ထုတ်ပိုးခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း၊ ထိုကဲ့သို့ ထုပ်ပိုး သို့မဟုတ် ပြင်ဆင်ခြင်း၏ လုံလောက်ပြည့်စုံမှု မရှိခြင်း(insufficiency) သို့မဟုတ် သင့်တင့် လျှောက်ပတ်မှု မရှိခြင်း (unsuitability)ကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် စရိတ်စကကုန်ကျမှု (ဤစည်းမျဉ်းများအလို့ငှာ "ဝန်ထမ်းများ"တွင်လည်း လွတ်လပ်သည့် ကံထရိုက်တာများ မပါဝင်ရပါ။)

၄.၄ အာမခံထားသည့်ပစ္စည်း၏ သဘာဝလျောက်ပျက်စီးတက်ခြင်း (inherent vice) သို့မဟုတ် သဘောသဘာဝအရ ဖြစ်ပေါ်သောဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း

၄.၅ နှောင့်နှေးခြင်းသည် အာမခံထားရှိသော အန္တရာယ်တစ်ရပ်ကြောင့်ဖြစ်ပေါ်စေကာမူ ယင်းနှောင့်နှေးခြင်းကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စက ကုန်ကျခြင်း
(အထက်ပါစည်းမျဉ်း၂အရ ပေးလျော်ရသောစရိတ်စကများမှအပ)

၄.၆ လူမွဲအဖြစ်ခံယူမှု(insolvency)သို့မဟုတ် ငွေရေးကြေးရေး ပျက်ကွက်မှု(financial default)က ပုံမှန်ရေယာဉ်ခရီးစဉ်ကို ပျက်ကွက်သွားစေနိုင်ကြောင်း အာမခံထားသူများက သာမန်လုပ်ကိုင် နေစဉ်တွင်ပင် သိရှိသင့်သကဲ့သို့ အာမခံထားသည့်ပစ္စည်းအား ရေယာဉ်ပေါ်သို့ တင်သောအချိန်တွင်လည်း သိရှိသလို ရေယာဉ်ပိုင်ရှင်များ၊ မန်နေဂျာများ၊ ငှားရမ်းသူများ သို့မဟုတ် ရေယာဉ်ကို ကိုင်တွယ်

မောင်းနှင်သူများ(operators)တို့၏ လူမွဲအဖြစ်ခံယူမှု သို့မဟုတ် ငွေရေးကြေးရေး ပျက်ကွက်မှုကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း။

အာမခံထားသည့်ပစ္စည်းကို လိုက်နာရန်တာဝန်ရှိသော ပဋိညာဉ်တစ်ရပ်ဖြင့် ရိုးသားစွာ ဝယ်ယူထား သို့မဟုတ် ဝယ်ယူရန် ကတိပြုထားသည့် အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းခံရသော ဤအာမခံအရ လျော်ကြေးတောင်းခံသည့် ပုဂ္ဂိုလ်အား ဤအကျုံးမဝင်မှုကမထိခိုက် မသက်ရောက်စေရ။

၄.၇ မည်သည့်ပုဂ္ဂိုလ်များကမဆို ၎င်း/၎င်းတို့ ပြုလုပ်သော မတရားမှုကြောင့် အာမခံထားသည့်ပစ္စည်း သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ခုခု တမင်တကာပျက်စီးခြင်း (damage) သို့မဟုတ် တမင်တကာ ဖျက်စီးစေခြင်း(destruction)

၄.၈ အနုမြူကွဲပြားခြင်း(fission)နှင့် သို့မဟုတ် ပေါင်းစပ်ခြင်း(fusion)သို့မဟုတ် အခြားအလားတူ တုံ့ပြန်ခြင်း သို့မဟုတ် ရေဒီယိုသတ္တိကြွသောအင်အား သို့မဟုတ် ပစ္စည်းကို အသုံးပြုသော မည်သည့် စက်လက်နက်ကိုမဆို အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း။

၅။ ၅.၁ မည်သည့်အခြေအနေတွင်မဆို အောက်ပါများကြောင့်ဖြစ်ပေါ်သော ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်းကို ဤအာမခံက လျော်ကြေးမပေးပါ-

၅.၁.၁ အာမခံထားသည့်ပစ္စည်းကို ရေယာဉ် သို့မဟုတ် ယာဉ်ပေါ်သို့ တင်ဆောင်ချိန်တွင် ယင်းရေယာဉ် သို့မဟုတ် ယာဉ်၏ ပင်လယ်၌ ခုတ်မောင်းသွားလာရန် မဖြစ်နိုင်ခြင်း (unseaworthiness)သို့မဟုတ် ယင်းရေယာဉ် သို့မဟုတ် ယာဉ်၏ အာမခံထားသည့် ပစ္စည်းကို အန္တရာယ်ကင်းရှင်းစွာ သယ်ဆောင်ရန် မသင့်တော်ခြင်း(unfitness)ကို အကယ်၍ အာမခံထားသူများက သိရှိထားလျှင် ရေယာဉ် သို့မဟုတ် ယာဉ်၏ ပင်လယ်တွင် ခုတ်မောင်းသွားလာရန် မဖြစ်နိုင်ခြင်း သို့မဟုတ် အာမခံထားသည့် ပစ္စည်းအား အန္တရာယ်ကင်းရှင်းစွာ သယ်ဆောင်ရန် မသင့်တော်ခြင်း။

၅.၁.၂ အကယ်၍ ဤအာမခံမစတင်မီ အာမခံထားသည့် ပစ္စည်းကို ကုန်သေတ္တာ သို့မဟုတ် ယာဉ်ပေါ် သို့မဟုတ် ၎င်းအတွင်းသို့ တင်ဆောင်ခဲ့လျှင်သော်လည်းကောင်း၊ အာမခံထားသူများ သို့မဟုတ် ၎င်းတို့၏ ဝန်ထမ်းများ က အာမခံထားသောပစ္စည်းကို ကုန်သေတ္တာ သို့မဟုတ် ယာဉ်ပေါ် သို့မဟုတ် ၎င်းအတွင်းသို့ တင်ဆောင်ခဲ့ပြီး ထိုကဲ့သို့ တင်ဆောင်ချိန်၌ ၎င်းတို့က မသင့်တော်ခြင်း(unfitness)ကို သိရှိထားလျှင် သော်လည်းကောင်း၊ အာမခံထားသည့် ပစ္စည်းကို အန္တရာယ်ကင်းရှင်းစွာ သယ်ဆောင် ရန်အတွက် ကုန်သေတ္တာ သို့မဟုတ် ယာဉ်၏မသင့်တော်ခြင်း။

၅.၂ လိုက်နာရန်တာဝန်ရှိသော ပဋိညာဉ်တစ်ရပ်ဖြင့် အာမခံထားသည့်ပစ္စည်းအား ရိုးသားစွာ ဝယ်ယူထား သို့မဟုတ် ဝယ်ယူရန် ကတိပြုထားသည့် အာမခံပေါ်လစီ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းခံရသော ဤအာမခံအရ လျော်ကြေးတောင်းခံသည့် ပုဂ္ဂိုလ်အား စည်းမျဉ်း ၅.၁.၁ အကျုံးမဝင် မှုက မထိခိုက် မသက်ရောက်စေရ။

၅.၃ ရေယာဉ်သည် ပင်လယ်တွင် ခုတ်မောင်းသွားလာနိုင်ကြောင်း(seaworthiness)နှင့် ခရီးဆုံးသို့ ရောက်ရှိ အောင်အာမခံထားရှိသည့်ပစ္စည်းကို သယ်ယူရန် သင့်လျော်ကြောင်း(fitness)သဘော သက်ရောက်သည့် ဝရန်တီများ(implied warranties)ကို တစ်နည်းနည်းဖြင့် ဖောက်ဖျက်ခြင်းအား အာမခံကုမ္ပဏီက ခွင့်လွှတ်သည်။

၆။ မည်သည့်အခြေအနေတွင်မဆို အောက်ပါများက ဖြစ်ပေါ်စေသည့် ဆုံးရှုံးခြင်း၊ပျက်စီးခြင်း သို့မဟုတ် စရိတ်စက ကုန်ကျခြင်းအတွက် အာမခံက လျော်ကြေးမပေးပါ-

၆.၁ စစ်၊ ပြည်တွင်းစစ်၊ တော်လှန်ရေး၊ သူပုန်ထခြင်း၊ သောင်းကျန်းမှု၊ သို့မဟုတ် ယင်းတို့က ဖြစ်ပေါ်စေသည့် ပြည်တွင်းဆူပူမှု(civil strife) သို့မဟုတ် စစ်မက်ဖက်ပြိုင်သူတစ်ဦး၏ သို့မဟုတ် တစ်ဦးသို့ တိုက်ခိုက်ခြင်း။

၆.၂ ဖမ်းဆီးခြင်း(capture)၊ ဖမ်းဆီးခြင်း/သိမ်းယူခြင်း(seizure)၊ ဖမ်းဆီးခြင်း(arrest)၊ ချုပ်ချယ်ထားခြင်း(restraint)သို့မဟုတ် ထိန်းသိမ်းထားခြင်း(detainment)နှင့် ယင်းတို့၏ အကျိုးဆက်များ သို့မဟုတ် ယင်းတို့ကို ပြုလုပ်ရန် မည်သည့်ကြိုးပမ်းခြင်းကိုမဆို

၆.၃ စွန့်ပစ်ထားသော မိုင်းဗုံးများ၊ တော်ပီဒိုများ၊ ဗုံးများ သို့မဟုတ် အခြားစွန့်ပစ်ထားသည့် စစ်လက်နက်များ။

၇။ မည်သည့်အခြေအနေတွင်မဆို အောက်ပါပုဂ္ဂိုလ်များ၊ အပြုအမူများ သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်/ပေါ်ပေါက်လာသည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းနှင့် စရိတ်စက ကုန်ကျခြင်းအတွက် ဤအာမခံက လျော်ကြေးမပေးပါ-

၇.၁ သပိတ်မှောက်သူများ၊ စက်ရုံ/အလုပ်ရုံ ပိတ်ထား၍ ဝင်ခွင့်မရသည့် အလုပ်သမားများ၊ သို့မဟုတ် အလုပ်သမားမငြိမ်သက်မှုများ၊ အဓိကရုဏ်းများ သို့မဟုတ် ပြည်တွင်းဆူပူသောင်းကျန်းမှုများ၌ ပါဝင်လှုပ်ရှားသူများ

၇.၂ သပိတ်မှောက်ခြင်းများ၊ စက်ရုံ/အလုပ်ရုံပိတ်ထားခြင်းများ၊ အလုပ်သမား မငြိမ်မသက်မှုများ၊ အဓိကရုဏ်းများ သို့မဟုတ် ပြည်တွင်းဆူပူသောင်းကျန်းမှုများ

၇.၃ တရားဝင် သို့မဟုတ် တရားဝင်မဟုတ်ဘဲ တည်ရှိနေသော အစိုးရတစ်ရပ်ရပ်အား အင်အားဖြင့်ဖြစ်စေ၊ အကြမ်းဖက်မှုဖြင့်ဖြစ်စေ ဖြုတ်ချရန် သို့မဟုတ် လွှမ်းမိုးရန်အတွက် လှုပ်ရှားဆောင်ရွက်သော

အဖွဲ့အစည်းတစ်ခုခုနှင့် ဆက်စပ်ပတ်သက်၍လည်းကောင်း ယင်းကိုယ်စားလည်းကောင်း လှုပ်ရှားသည့် ပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်ချက်ဖြစ်သော မည်သည့် အကြမ်းဖက်မှုမဆို။

၇.၄ နိုင်ငံရေးဝါဒရေး သို့မဟုတ် ဘာသာရေးဦးတည်ချက်ဖြင့် လှုပ်ရှားဆောင်ရွက်သော မည်သည့် ပုဂ္ဂိုလ်မဆို

**အာမခံသည့်ကာလ**

**ခရီးစည်းမျဉ်း**

၈။ ၈.၁ အောက်ပါစည်းမျဉ်း ၁၁ကို မဆန့်ကျင်ဘဲ ခရီးစတင်ရန်အတွက် သယ်ဆောင်သောယာဉ် သို့မဟုတ် အခြားယာဉ်အတွင်းသို့ သို့မဟုတ် ၎င်းအပေါ်သို့ ချက်ချင်းကုန်တင်ရန် ရည်ရွယ်ချက်ဖြင့်(ပေါ်လစီတွင် ဖော်ပြထားသော နေရာရှိ) ကုန်လှောင်ရုံ သို့မဟုတ် သိုလှောင်သည့်နေရာ၌ အာမခံထားသည့်ပစ္စည်းကို ပထမဆုံးရွှေ့ပြောင်းသည့် အချိန်မှစ၍ အာမခံစတင်ကာ သာမန်ခရီးစဉ်အတွင်း အာမခံဆက်လက် တည်မြဲနေပြီး အောက်ပါတို့အနက် ပထမဦးဆုံး ဖြစ်ပေါ်သည့် ကိစ္စ၌ အာမခံရပ်ဆိုင်းသွားသည်-

၈.၁.၁ ပေါ်လစီတွင်ဖော်ပြထားသော ခရီးဆုံးရှိ နောက်ဆုံးကုန်လှောင်ရုံ သို့မဟုတ် သိုလှောင်သည့်နေရာ၌ သို့မဟုတ် ၎င်းအတွင်းတွင် သယ်ဆောင်သောယာဉ် သို့မဟုတ် သိုလှောင် အခြားယာဉ်ပေါ်မှ ကုန်ချမှု ပြီးဆုံးခြင်း

၈.၁.၂ အာမခံထားသူများ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများက သယ်ဆောင်သည့်ယာဉ် သို့မဟုတ် အခြားယာဉ်ကို သာမန်ခရီးစဉ်အတွက် အသုံးမပြုဘဲ ကုန်သိုလှောင်ရန် သို့မဟုတ် ခွဲဝေပေးရန် သို့မဟုတ် ဖြန့်ချိရန်အတွက် အသုံးပြုရာတွင် ပေါ်လစီ၌ ဖော်ပြထားသော ခရီးဆုံးမရောက်မီ သို့မဟုတ် ခရီးဆုံးရှိ အခြား ကုန်လှောင်ရုံတစ်ခုခု သို့မဟုတ် ကုန်လှောင်သည့် နေရာတစ်ခုခု၌ သို့မဟုတ် ၎င်းအတွင်းတွင် ထိုယာဉ်ပေါ်မှ ကုန်ချမှုပြီးဆုံးခြင်း။ သို့မဟုတ်

၈.၁.၃ အာမခံထားသူများ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများက မည်သည့်သယ်ဆောင်သည့်ယာဉ် သို့မဟုတ် အခြားယာဉ် သို့မဟုတ် မည်သည့်ကုန်သေတ္တာကိုမဆို သာမန်ခရီးအတွက်မဟုတ်ဘဲ ကုန်သိုလှောင်ရန် အလို့ငှာ ရွေးချယ်သောအခါ။ သို့မဟုတ်

၈.၁.၄ ကုန်ချသည့်နောက်ဆုံးဆိပ်ကမ်းတွင် ပင်လယ်ရပ်ခြား ရေယာဉ်ပေါ်မှ အာမခံထားသည့်ပစ္စည်းကို ဘေးသို့ကုန်ချခြင်း ပြီးဆုံးပြီးနောက် ရက်ပေါင်း(၆၀)ကုန်ဆုံးချိန်

၈.၂ ကုန်ချသည့်နောက်ဆုံးဆိပ်ကမ်း၌ ပင်လယ်ရပ်ခြားသင်္ဘောပေါ်မှ ဘေးသို့ကုန်ချပြီးဖြစ်သော်လည်း အာမခံသက်တမ်းမကုန်ဆုံးသေးမီ အာမခံထားသည့်ပစ္စည်းအား အာမခံထားရှိသည့် ခရီးမဟုတ်ဘဲ အခြားခရီးတစ်ခုခုသို့ ဆက်လက်ပို့ဆောင်ရန်ဖြစ်ပါက စည်းမျဉ်း(၈.၁.၁)မှ(၈.၁.၄)ပါသက်တမ်း

ကုန်ဆုံးခြင်းဆိုင်ရာ ကန့်သတ်ချက်များအတိုင်း အဆိုပါခရီးစတင်ထွက်ခွာရန် ရည်ရွယ်ချက်ဖြင့် အာမခံထားရှိသည့်ပစ္စည်းအား ပထမဦးဆုံးရွှေ့ပြောင်းသည့် အချိန်ထက်ပိုမို၍ ဤအာမခံက တာဝန်မယူ၊ အာမခံပါ။

၈.၃ (အထက်ပါ စည်းမျဉ်း ၈.၁.၁ မှ ၈.၁.၄ အတွင်းပါ အာမခံသက်တမ်းကုန်ဆုံးခြင်းဆိုင်ရာ ကန့်သတ်ချက်များနှင့် အောက်ပါစည်းမျဉ်း ၉ ၏ ပြဋ္ဌာန်းချက်များအား မဆန့်ကျင်ဘဲ) အာမခံထားရှိသူ များက မည်သို့မှ မတတ်နိုင်သော ကြန့်ကြာမှု၊ လမ်းရိုးလမ်းစဉ်မှ သွေဖီခြင်း(deviation)၊ ကုန်ပစ္စည်းကို အတင်းအကြပ်ချစေခြင်း(forced discharge)၊ ကုန်ပစ္စည်းကို ပြန်လည်တင်ပို့ခြင်း(reshipment)၊ ကုန်ပစ္စည်းကို တစ်ဆင့်တင်ပို့ခြင်း(trans-shipment)အမျိုးမျိုးနှင့် ကုန်တင်ခြင်း ပဋိညာဉ်က ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်ကို သယ်ယူပို့ဆောင်ပေးသူများက အသုံးပြုကာ ခရီးစဉ် အပြောင်းအလဲ အမျိုးမျိုး(variation on adventure) တို့တွင်လည်း ဤအာမခံသည် မပျက်ကွက်ဘဲ တည်မြဲလျက် ရှိရမည်။

## သယ်ယူပို့ဆောင်ခြင်း ပဋိညာဉ်ရပ်ဆိုင်းခြင်း

၉။ အာမခံထားသူများက မည်သို့မျှမတတ်နိုင်သော အခြေအနေအရပ်ရပ်ကြောင့် သယ်ယူပို့ဆောင်ခြင်း ပဋိညာဉ်တွင် အမည်ဖော်ပြထားသော ခရီးဆုံးမဟုတ်ဘဲ ဆိပ်ကမ်း သို့မဟုတ် ဒေသတစ်ခုတွင် သယ်ယူပို့ဆောင်ခြင်း ပဋိညာဉ် ရပ်ဆိုင်းသွားလျှင်သော်လည်းကောင်း၊ အထက်ပါစည်းမျဉ်း ၈နှင့်အညီ အာမခံထားသည့် မချရသေးမီ ခရီးရပ်ဆိုင်းသွားလျှင်သော်လည်းကောင်း ဤအာမခံလည်း ရပ်ဆိုင်းရမည်ဖြစ်သော်လည်း အာမခံကုမ္ပဏီသို့ ချက်ချင်းအကြောင်းကြားပြီး အာမခံသက်တမ်းဆက်ရန် မေတ္တာရပ်ခံကာ အာမခံကုမ္ပဏီက တောင်းဆိုလျှင် အပိုပရီမီယံပေးဆောင်ပါက အာမခံသည် အောက်ပါအခြေအနေတစ်ခုခုတိုင်အောင် တည်မြဲနေရမည်ဖြစ်သည်-

၉.၁ အထက်ဖော်ပြပါဆိပ်ကမ်း သို့မဟုတ် ဒေသတစ်ခုတွင် အာမခံထားသည့်ပစ္စည်းကို ရောင်းချကာ လက်လွှဲပေးအပ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အထူးသဘောတူညီမှုမရှိလျှင် အာမခံထားရှိသော ပစ္စည်း ထိုဆိပ်ကမ်း သို့မဟုတ် ဒေသသို့ ရောက်ရှိပြီးနောက် ရက်ပေါင်း(၆၀)ကုန်ဆုံးသွားခြင်း၊ ၎င်း(၂)မျိုးအနက် ဦးစွာဖြစ်ပေါ်ခြင်း သို့မဟုတ်

၉.၂ အကယ်၍ အာမခံထားသည့်ပစ္စည်းကို ဖော်ပြပါ ရက်ပေါင်း(၆၀) (သို့မဟုတ် သဘောတူထားသည့် တိုးပေးသောရက်များ)အတွင်း သယ်ယူပို့ဆောင်ခြင်းပဋိညာဉ်တွင် ဖော်ပြထားသည့်ခရီး သို့မဟုတ် အခြားခရီး တစ်ခုခုသို့ ပေးပို့ရာ၌ အထက်ပါစည်းမျဉ်း၈၏ ပြဋ္ဌာန်းချက်များနှင့်အညီ သက်တမ်း ကုန်ဆုံးသွားခြင်း

**ခရီးစဉ်ပြောင်းလွဲခြင်း**

၁၀။ ၁၀.၁ အာမခံစတင်ပြီးနောက် အာမခံထားသူများက ခရီးစဉ်ကို ပြောင်းလွဲလျှင် ပရီမီယံနှုန်းများနှင့် စည်းမျဉ်းများအား သဘောတူညီရန်အလို့ငှာ ဤကိစ္စကို အာမခံကုမ္ပဏီသို့ ချက်ချင်းအကြောင်း ကြားရမည်။ အကယ်၍ သဘောတူညီမှု မရရှိသေးမီ ဆုံးရှုံးမှုတစ်စုံတစ်ရာပေါ်ပေါက်ပါက အာမခံ အကာအကွယ်ကို အကျိုးအကြောင်းဆီလျော်သော ကုန်သွယ်မှုဈေးနှုန်း၊ အကျိုးအကြောင်း ဆီလျော်သည့် ဈေးကွက်စည်းမျဉ်းနှင့်အညီ ရရှိနိုင်သော အခြေအနေတွင်သာ အာမခံအကာအကွယ်ကို ပံ့ပိုးနိုင်မည် ဖြစ်သည်။

၁၀.၂ အာမခံထားသည့်ပစ္စည်းအား ဤအာမခံတွင် ဖော်ပြပါရှိသည့် ခရီးစဉ်(စည်းမျဉ်း၈.၁)နှင့်အညီ စတင်ထွက်ခွာစေရာတွင် အာမခံထားသူများ သို့မဟုတ် ၎င်းတို့၏ဝန်ထမ်းများ မသိရှိဘဲ ရေယာဉ်သည် အခြားခရီးတစ်ခုသို့ မောင်းနှင်ထွက်ခွာသွားစေကာမူ ဤအာမခံသည် အဆိုပါခရီးအစ၌ပင် စတင် သက်ရောက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

**လျော်ကြေးများ**

**အာမခံထားရှိနိုင်သည့် သက်ဆိုင်ပတ်သက်မှု(insurable interest)**

၁၁။ ၁၁.၁ ဤအာမခံအရ လျော်ကြေးရရှိနိုင်ရန်အလို့ငှာ အာမခံထားသူသည် အာမခံထားသည့်ပစ္စည်း ဆုံးရှုံးချိန်တွင် ၎င်းပစ္စည်းအပေါ်၌ အာမခံထားရှိနိုင်သော သက်ဆိုင်ပတ်သက်မှုရှိရမည်။

၁၁.၂ အကယ်၍ ဤအာမခံက တာဝန်ယူသည့် ကာလအတွင်း ဖြစ်ပေါ်ခဲ့သော အာမခံထားသည့် ပစ္စည်းဆုံးရှုံးမှုကို အာမခံထားသူများက မသိရှိဘဲ အာမခံကုမ္ပဏီက သိရှိထားလျှင် ယင်းဆုံးရှုံးမှုသည် အာမခံပဋိညာဉ် မပြုလုပ်ရသေးမီ ဖြစ်ပေါ်ခဲ့စေကာမူ ယင်းဆုံးရှုံးမှုကို အထက်ပါစည်းမျဉ်း ၁၁.၁ အားမဆန့်ကျင်ဘဲ အာမခံထားသူများက ရရှိပိုင်ခွင့်ရှိရမည်။

**ဆက်လက်ပေးပို့ခြင်း အခကြေးငွေများ(forwarding charges)**

၁၂။ ဤအာမခံကတာဝန်ယူသော အန္တရာယ်တစ်ရပ်၏ပရောဂကြောင့် အာမခံထားရှိသည့်ပစ္စည်းကို ပို့ဆောင်ရမည့် ဆိပ်ကမ်း သို့မဟုတ် ဒေသမဟုတ်ဘဲ တခြားဆိပ်ကမ်း သို့မဟုတ် ဒေသတွင် အာမခံထားရှိသောခရီးကို ရပ်ဆိုင်း လိုက်ရပါက အာမခံထားရှိသည့်ပစ္စည်းအား ရေယာဉ်ပေါ်မှ ချရခြင်း၊ သိုလှောင်ရခြင်းနှင့် စနစ်တကျကုန်ကျခဲ့ရသည့် မည်သည့်အပိုစရိတ်စကကိုမဆို အာမခံကုမ္ပဏီက အာမခံထားသူများအား ပေးမည်ဖြစ်သည်။

General Average သို့မဟုတ် ဆယ်ယူခများနှင့် မသက်ဆိုင်သည့် ဤစည်းမျဉ်း ၁၂ သည် အထက်ပါစည်းမျဉ်း ၄၊၅၊၆ နှင့် ၇တို့၌ ပါဝင်သော အကျုံးမဝင်ခြင်းများ(exvlusions)အတွက် တာဝန်မရှိသကဲ့သို့ အာမခံထားသူများ သို့မဟုတ်

၎င်းတို့ဝန်ထမ်းများ၏ အပြစ်၊ပေါ့ဆခြင်း၊လူမွဲအဖြစ်ခံယူခြင်း သို့မဟုတ် ငွေရေးကြေးရေး ပျက်ကွက်ခြင်းများကြောင့် ဖြစ်ပေါ်လာသော အခကြေးငွေများကိုလည်း တာဝန်မယူပါ။

**Constructive Total Loss**

၁၃။ အကယ်၍ အာမခံထားရှိသော ပစ္စည်းသည် အကယ်အစစ် လုံးဝဆုံးရှုံးမှု(actual total loss) ဖြစ်ပေါ်ခြင်းမှ ရှောင်လွှဲ၍ မရနိုင်လောက်အောင် ပေါ်လွင်ထင်ရှားနေသည်ဖြစ်၍လည်းကောင်း သို့မဟုတ် အာမခံထားရှိသည့် ပစ္စည်းကို ပြန်လည်ရရှိစေခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် အာမခံထားရှိသောခရီးသို့ ဆက်လက်ပို့ဆောင်ခြင်းတို့အတွက် ကုန်ကျမည့်စရိတ်စကသည် ထိုသို့ရောက်ရှိမည့်တန်ဖိုးထက် ပိုမိုနေမည်ဖြစ်၍လည်းကောင်း အာမခံထားသည့် ပစ္စည်းကို အကျိုးအကြောင်းဆီလျော်စွာ မစွန့်လွှတ်လျှင် constructive total loss အတွက် လျော်ကြေးရရှိနိုင်လိမ့်မည် မဟုတ်ပါ။

**တိုးမြှင့်တန်ဖိုး(increased value)**

၁၄။ ၁၄.၁ အကယ်၍ အာမခံထားရှိသော ပစ္စည်းကို အာမခံထားသူများက တိုးမြှင့်တန်ဖိုး အာမခံ(increased value insurance)တစ်ခုခုဖြင့် အာမခံထားရှိခဲ့လျှင် အာမခံထားရှိသော ပစ္စည်း၏ သဘောတူညီထားသည့် တန်ဖိုး(agreed value)သည် ဤအာမခံဖြင့် အာမခံထားရှိခဲ့သော စုစုပေါင်းတန်ဖိုးနှင့် ဆုံးရှုံးမှုကို အာမခံသည့် တိုးမြှင့်တန်ဖိုး အာမခံအားလုံး၊ ထို(၂)မျိုးပေါင်းအထိ တိုးမြှင့်သွားသည်ဟု မှတ်ယူရမည်။ ဤအာမခံအရ တာဝန်ရှိမှုသည် ဤအာမခံနှင့် စုစုပေါင်း အာမခံတန်ဖိုးတို့၏ အချိုးအတိုင်းဖြစ်စေရမည်။

လျော်ကြေးတောင်းခံလျှင် အာမခံထားသူများသည် အခြားအာမခံအားလုံး၏ ထားရှိသောတန်ဖိုးများ အတွက် အထောက်အထားများကို အာမခံကုမ္ပဏီသို့ ပေးပို့ရမည်။

၁၄.၂ အကယ်၍ ဤအာမခံကို တိုးမြှင့်တန်ဖိုးဖြင့်ထားရှိလျှင် အောက်ပါစည်းမျဉ်းက ယင်းအပေါ်သက်ရောက် စေရ မည်။

"အာမခံထားသည့်ပစ္စည်း၏ သဘောတူညီထားသည့်တန်ဖိုးသည် မူလအာမခံဖြင့် အာမခံထားရှိသော စုစုပေါင်းတန်ဖိုးနှင့် အာမခံထားသူများက အာမခံထားသည့်ပစ္စည်းအပေါ် ထပ်မံထားရှိပြီး ဆုံးရှုံးမှုကို အာမခံသော တိုးမြှင့်အာမခံအားလုံး၊ ထို၂မျိုးပေါင်း၏ တန်ဖိုးများနှင့်တူညီသည်ဟု မှတ်ယူရမည်။ ဤအာမခံအရ တာဝန်ရှိခြင်းသည် ဤအာမခံတန်ဖိုးနှင့် ဖော်ပြပါ အာမခံတန်ဖိုးစုစုပေါင်းတို့၏ အချိုးအတိုင်းဖြစ်စေရမည်။

လျော်ကြေးတောင်းခံလျှင် အာမခံထားသူများသည် အခြားအာမခံအားလုံး၏ ထားရှိသော တန်ဖိုး အများ အတွက် အထောက်အထားများကို အာမခံကုမ္ပဏီသို့ ပေးပို့ရမည်။

**အာမခံ၏အကျိုးရှိခြင်း**

၁၅။ ၁၅.၁ ဤအာမခံကို ထားရှိခဲ့သူ သို့မဟုတ် ၎င်းအတွက် ထားရှိခံရသူအဖြစ်လည်းကောင်း၊ အကျိုးခံစားခွင့် လွှဲပြောင်းခံသူအဖြစ်လည်းကောင်း၊ လျော်ကြေးတောင်းခံသူပါဝင်သည့် အာမခံထားရှိသူများ အား ဤအာမခံက တာဝန်ယူအာမခံသည်။

၁၅.၂ ဤအာမခံသည် သယ်ယူပို့ဆောင်ပေးသူ သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူ(bailee)သို့ မသက်ရောက် စေရ သို့မဟုတ် ၎င်း၏ အကျိုးအတွက် မဖြစ်စေရ။

**ဆုံးရှုံးမှုများအားလျော့နည်းစေခြင်း**

**အာမခံထားသူများ၏တာဝန်**

၁၆။ အာမခံထားသူများ၊ ၎င်း၏ဝန်ထမ်းများနှင့် ကိုယ်စားလှယ်များ၏တာဝန်မှာ ဤအာမခံအရ ရရှိနိုင်သော ဆုံးရှုံးမှုနှင့် စပ်လျဉ်း၍-

၁၆.၁ ယင်းဆုံးရှုံးမှုမဖြစ်ပေါ်စေရန် သို့မဟုတ် လျော့နည်းသွားစေရန်အတွက် အကျိုးအကြောင်း ဆီလျော် နိုင်သော ပြုလုပ်ဆောင်ရွက်မှုများကို ပြုလုပ်ဆောင်ရွက်ရန်နှင့်

၁၆.၂ သယ်ယူပို့ဆောင်ပေးသူများ၊ ယုံမှတ်အပ်နှံခြင်းခံရသူများနှင့် သူတပါးများထံမှ ရရှိနိုင်သည့် အခွင့်အရေး အားလုံးကို မလွဲမသွေစနစ်တကျ ထိန်းသိမ်းပြီးရယူနိုင်စေရန် ဖြစ်သကဲ့သို့ အာမခံကုမ္ပဏီကလည်း ဤအာမခံအရ ရရှိနိုင်သော ဆုံးရှုံးမှုအပြင် ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရာတွင် စနစ်တကျ အကျိုးအကြောင်းဆီလျော်စွာ ကုန်ကျခဲ့ရသည့် စရိတ်စကများကိုပါ အာမခံထားသူသို့ ပြန်ပေးမည် ဖြစ်သည်။

**စွန့်လွှတ်ခြင်း**

၁၇။ အာမခံထားသည့်ပစ္စည်းကို ကယ်ဆယ်၊ ကာကွယ် သို့မဟုတ်ပြန်လည်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် အာမခံထားသူများ သို့မဟုတ် အာမခံကုမ္ပဏီ၏ ပြုလုပ်ဆောင်ရွက်မှုများအား စွန့်လွှတ်မှုကို ခွင့်ပြုခြင်း သို့မဟုတ် စွန့်လွှတ်မှုကို လက်ခံခြင်း (waiver or acceptance of abandonment)ဟု မမှတ်ယူရ ယင်းဆောင်ရွက်မှုများက တစ်ဦးဦး၏ အခွင့်အရေးများကို မထိခိုက်စေရ။

**ကြန့်ကြာမှုကိုရှောင်ရှားခြင်း**

၁၈။ အာမခံထားသူများသည် မည်သည့်အခြေအနေတွင်မဆို မိမိတို့တတ်နိုင်သရွေ့ သွက်လက်လျင်မြန်စွာ လှုပ်ရှား ဆောင်ရွက်ရမည်ဟူသည်မှာ ဤအာမခံ၏ စည်းမျဉ်းတစ်ရပ်ဖြစ်သည်။

## ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

၁၉။ ဤအာမခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရမည်။

မှတ်သားရန်။ စည်းမျဉ်း ၉ နှင့်အညီ အာမခံသက်တမ်းကို ဆက်လက်တည်မြဲပေးရန် မေတ္တာရပ်ခံလျှင် သော်လည်းကောင်း၊ စည်းမျဉ်း (၁၀)အရ ခရီးစဉ်ပြောင်းလွဲခြင်းကို အကြောင်းကြား လျှင်သော်လည်းကောင်း၊ အာမခံကုမ္ပဏီသို့ ချက်ချင်း အကြောင်းကြားရန် တာဝန်ရှိပြီး၊ ထိုအာမခံအကာအကွယ်ကို ရရှိနိုင်သည့် အခွင့်အရေးမှာ ယင်းတာဝန်အား လိုက်နာဆောင်ရွက်မှုအပေါ်တွင် မူတည်ပါသည်။